# ကလေးသူငယ်ပြုစုစောင့်ရှောက်မှုအား ကိုင်တွယ်ဖြေရှင်းခြင်း

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့လုပ်ဆောင်ပေးသော ကလေးသူငယ်ပြုစု စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှု ဖြစ်ရပ်



လယ်ယာစီးပွားရေးလုပ်ငန်း၊ စွမ်းအင်စီးပွားရေးလုပ်ငန်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းစသည့် မတူညီသည့် စီးပွားရေးကဏ္ဍ (၁၁) ခုမှ ဝန်ထမ်းပေါင်း ၁,၀၆၄ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

Online စစ်တမ်းလွှာကို ဝန်ထမ်းပေါင်း (၇၉၄) ဦးမှ အပြည့်အစုံ ဖြေဆိုခဲ့သည်။




စစ်တမ်းလွှာဖြေဆိုသူ၏ ၁၉% မှာ မူကြိုကလေးအရွယ် ကလေးရှိသူ ဝန်ထမ်းများဖြစ်ကြသည်။

ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ဝန်ထမ်းပေါင်း ၂၄၃ ဦး ပါဝင်ဆွေးနွေးခဲ့သည်။

အထက်တန်း/အကြီးတန်း ရာထူးရှိသော ဝန်ထမ်းပေါင်း ၂၇ ဦး အား တွေ့ဆုံမေးမြန်းထားသည်။

**ကုမ္ပဏီလုပ်ငန်းရှင်များမှ ၄င်းတို့၏ ဝန်ထမ်းများအတွက် ကလေးသူငယ်စောင့်ရှောက်ရေးတာဝန်များ နှင့် လုပ်ငန်းတာဝန်များကို မျှတစွာလုပ်ဆောင်နိုင်ရန် ထောက်ပံ့ပေးသည့်အခါ များစွာအကျိုးရှိပါသည်။ မိဘဝန်ထမ်းများအတွက် ၄င်းတို့၏ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရန်**

လုပ်ဆောင်ပေးထားသောအခါ လုပ်ငန်းခွင်တွင် -

- ပိုမိုစိတ်ဓါတ်တက်ကြွလာပြီး အလုပ်မှအာရုံပြန့်နှံ့မှုနည်းစေခြင်း
- အလုပ်ပျက်ကွက်မှု နည်းပါးခြင်း
- ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်နိုင်ခြင်း နှင့်
- အရည်အချင်းရှိသော ဝန်ထမ်းများကိုပါ ဆွဲဆောင်ထိန်းသိမ်းထားနိုင်ခြင်း စသည်တို့ ဖြစ်စေသည်။


အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) မှ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများမှ လုပ်ဆောင်ပေးသော ကလေးသူငယ်ပြုစု စောင့်ရှောက်မှုပေးခြင်း၏ အကျိုးဖြစ်ထွန်းမှုဖြစ်ရပ်ရလာပြီး ဗဟုသုတသိနားလည်မှုကွာဟချက်ကို လျှော့ချရန် ပုဂ္ဂလိက ကဏ္ဍတွင် လုပ်ကိုင်နေသော ဝန်ထမ်းများ၏ ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များလေ့လာပြီး သုတေသန ပြုလုပ်ခဲ့သည်။

UMBRELLA FACILITY FOR GENDER EQUALITY
ADMINISTERED BY WORLD BANK GROUP
IFC International Finance Corporation WORLD BANK GROUP
*Creating Markets, Creating Opportunities*

## စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့ထားသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု

ကုမ္ပဏီများအနေဖြင့် ၄င်းတို့၏ ဝန်ထမ်းများအတွက် ကလေးသူငယ်စောင့်ရှောက်ရေး ဆိုင်ရာ ထောက်ပံ့ပေးနိုင်သည့် နည်းလမ်းများမှာ ကုန်ကျစရိတ်နည်းနည်းမှ ကုန်ကျစရိတ်များစွာ ကျနိုင်သည်အထိ ရှိပါသည်။ အချို့ဥပမာများမှာ မိဘများအနေဖြင့် လစာရ ခွင့်ရက်၊ မိခင်နို့တိုက်ကျွေးသည့်အခန်းများ၊ မိသားစုဆန်ဆန် ဆက်ဆံသော လုပ်ငန်းခွင်မူဝါဒများ၊ မိဘများအတွက် လိုက်လျောညီထွေမှုရှိသည့် အလုပ်ချိန်များ သို့မဟုတ် အလုပ်တွင် ကလေးပြုစုစောင့်ရှောက်ရေးအဆောက်အအုံစင်တာထားခြင်း တို့ ဖြစ်ပါသည်။

## အဓိကတွေ့ရှိချက်များ



### ကလေးရှိသော မိဘဝန်ထမ်း (၁၀) ယောက်လျှင် (၉) ယောက်မှ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များသည် ၄င်းတို့၏ အလုပ်အပေါ် သက်ရောက်မှုရှိကြောင်း ဖြေကြားခဲ့သည်။

- **၅၃ ရာခိုင်နှုန်း** မှာ အလုပ်မှ အနားယူ/ခွင့်ယူခဲ့ရသည်။
- **၅၉ ရာခိုင်နှုန်း** မှာ အလုပ်သို့ နောက်ကျရောက် သို့မဟုတ် စောစောပြန် ခဲ့ရသည်။
- **၄၁ ရာခိုင်နှုန်း** မှာ တစ်ခါတစ်ရံ လုပ်ငန်းခွင်တွင် အာရုံပြန့်နေခဲ့သည်။

### ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များသည် မိခင်များသာမက ဖခင်များကိုပါ သက်ရောက်မှုရှိသည်။

- ၄င်းတို့ ကိုယ်တိုင် နှင့်/သို့မဟုတ် ၄င်းတို့၏ လက်တွဲဖော်မှ အလုပ်ထွက်ခဲ့ရသည်ဟု ဖြေဆိုသူဝန်ထမ်း **၂၀%** နီးပါး မှ ဖြေဆိုခဲ့သည်။
- **၆၈ ရာခိုင်နှုန်း** အမျိုးသမီးများသည် သင်တန်းတက်ရန် သို့မဟုတ် သင်ကြားမှုပြီးမြောက်အောင်တက်ရန် မတတ်စွမ်းနိုင်ခဲ့ပေ။
- **၁၇ ရာခိုင်နှုန်း** သော အမျိုးသားများမှ အလုပ်ခန့်သည့် အခွင့်အလမ်း တစ်ခုခုအား ငြင်းဆိုခဲ့သည်။
- အမျိုးသမီး **၁၀ ရာခိုင်နှုန်း** နှင့် အမျိုးသား **၈%** မှ ရာထူးတိုးလက်ခံရန် ငြင်းဆိုခဲ့သည်။
- အမျိုးသမီးများရော အမျိုးသားများပါ ၄င်းတို့၏ အသက်မွေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ကလေးမွေးခြင်းအား ရွှေ့ဆိုင်းနေကြသည်ဟု အစီရင်ခံခဲ့ကြသည်။

### မြန်မာနိုင်ငံတွင် ကလေးမွေးပြီးနောက်ပိုင်း အမျိုးသမီးများအနေဖြင့် လုပ်ငန်းခွင်မှ နုတ်ထွက်ရန် ဖိအားပေးခံနေရသည်။

### လက်ရှိ မူကြိုကလေးအရွယ်ရှိသော မိဘများအတွက် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုအတွက် ရွေးချယ်မှုအများဆုံး စီမံဆောင်ရွက်မှုများမှာ


- ကလေး၏ အဖိုးအဖွားများမှ ပြုစုစောင့်ရှောက်ခြင်း **(၅၆ ရာခိုင်နှုန်း)**
- ကလေး၏ အခြားမိဘမှ ပြုစုစောင့်ရှောက်ခြင်း **(၃၂ ရာခိုင်နှုန်း)**
- ပုဂ္ဂလိက ကလေးသူငယ်ပြုစုစောင့်ရှောက်သူမှ ပြုစုစောင့်ရှောက်ခြင်း **(၁၂ ရာခိုင်နှုန်း)** တို့ ဖြစ်ကြသည်။

### မူကြိုကလေးအရွယ် ကလေးရှိသော ၃၇%သော မိဘဝန်ထမ်းများမှ ၄င်းတို့ အိမ်နားဝန်းကျင်တွင် ကလေးပြုစုစောင့်ရှောက်ရေးစင်တာမရှိသောကြောင့် ယင်းကို အသုံးမပြုနိုင်ကြောင်း ဖြေဆိုခဲ့သည်။

### လက်ရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်မှု အစီအစဉ်များတွင် စိုးရိမ်ပူပန်ရမှု အမြင့်ဆုံးအကြောင်းအရာများမှာ

- ကလေးငယ်များ၏ ဘေးကင်းလုံခြုံရေး အတွက် **(၆၁ ရာခိုင်နှုန်း)**
- ကလေးငယ်များ၏ ကျန်းမာရေးအတွက် **(၅၆ ရာခိုင်နှုန်း)**
- ကလေးငယ်များ၏ အာဟာရ **(၄၆ ရာခိုင်နှုန်း)**
- ကလေးငယ်များ၏ ပညာရေး **(၃၉ ရာခိုင်နှုန်း)** စသည်တို့ ဖြစ်ကြသည်။

**အခြားသော စိုးရိမ်ပူပန်ရသည့် အကြောင်းအရာမှာ ကလေးငယ်များမှ တီဗီ၊ အင်တာနက် နှင့် လူမှုမီဒီယာများကို လွန်ကဲစွာ လက်လှမ်းမီ အသုံးပြုနေခြင်း ဖြစ်သည်။**



**ဝန်ထမ်းများမှ တောင်းဆိုမှု အများဆုံးသော ကလေးသူငယ်ပြုစု စောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့များမှာ**

- လိုက်လျောညီထွေမှုရှိသော အလုပ်ချိန် **(၅၆ ရာခိုင်နှုန်း)**
- ကလေးပြုစုစောင့်ရှောက်သည့် စရိတ်ထောက်ပံ့ပေးခြင်း **(၄၉ ရာခိုင်နှုန်း)**
- အလုပ်ရုံတွင်ရှိသော ကလေးသူငယ်ပြုစုစောင့်ရှောက်သည့် အဆောက်အအုံ **(၄၂ ရာခိုင်နှုန်း)**
- ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှု (ဥပမာ-ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးခြင်း) **(၃၅ ရာခိုင်နှုန်း)**

## မြန်မာနိုင်ငံရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာနှင့် လုပ်ငန်းရှင်များအတွက် ဥပဒေမူဘောင်

| မိဘများရသည့်ခွင့် | မိခင် | ဖခင် |
|---|---|---|
| ကလေးမမွေးခင်ရသော လစာရ ခွင့်ရက်၊ | ၆ ပတ် | မရှိ |
| ကလေးမွေးပြီးရသော လစာရ ခွင့်ရက်၊ | ၈ ပတ် | ၁၅ ရက် |

*ခံစားခွင့်ရှိသော ခွင့်ရက်အားလုံးအတွက် ဝန်ထမ်းတစ်ယောက် အခြေခံလုပ်ခလစာ၏ (ပျမ်းမျှ ၁၂ လ စာတွင် မူတည်ပြီး) ၇၀% ပေးချေကြသည်။*
*အမွှာပူးကလေးမွေးပါက မိခင်သည် ကလေးမွေးပြီး လစာရ ခွင့်ရက်၊ (၄) ပတ် ထပ်ရသည်။*



ဓါတ်ပုံ: IFC / Victoria Milko.

# စီးပွားရေးလုပ်ငန်းများအတွက် အဓိက အကြံပြုချက်များ

## ဦးစားပေးလုပ်ဆောင်ရမည့်အရာများ

- စီးပွားရေးလုပ်ငန်းမှလက်ရှိ လုပ်ဆောင်ပေးနေသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု အနေအထားကို ပြန်လည်သုံးသပ်ပါ။
- စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများအတွက် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့ဆောင်ရွက်ပေးထားမှုများမှ စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုဖြစ်ရပ်များကို ဖော်ထုတ်ပါ။
- ပတ်ဝန်းကျင်တွင် ရရှိနိုင်သော အခြားကလေးသူငယ်ပြုစုစောင့်ရှောက်မှုများအား သုံးသပ်ပါ။
- အလုပ်လုပ်နေသော မိခင်များနှင့် ဖခင်များ၏ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို နားလည်ပါ။
- ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့ဆောင်ရွက်မှုများသည် အားလုံးပါဝင်မှုရှိစေရန် သေချာရမည်။
- ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကို သုံးသပ်ပြီး စောင့်ကြည့်ပါ။



## ကုန်ကျစရိတ်နည်းသော အရင်းအမြစ်များ အသုံးပြုခြင်းဖြင့် ကြားဝင်ဆောင်ရွက်မှုများ

- သင်၏ စီးပွားရေးလုပ်ငန်းအတွင်းတွင် မိဘများအတွက် အုပ်စု ဖွဲ့ထားပါ။
- လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်သည့် အစီအစဉ် ဖန်တီးပါ။
- လိုက်လျောညီထွေရှိသော လုပ်ငန်းခွင်စီမံမှုများ ပြုလုပ်ပေးပါ။
- မိသားစုဆန်ဆန် ဆက်ဆံသောမူဝါဒများ နှင့် အကျိုးကျေးဇူးများကို ပြန်လည်သုံးသပ်ပြီး ဝန်ထမ်းများအားလုံးသိစေရန် နှင့် ဝန်ထမ်းအသစ်များ သိစေရန် ဆက်သွယ်ပြောဆိုထားပါ။
- ကုမ္ပဏီမှ သင်တန်းပေးသည့်အချိန်ဇယားသည် ဝန်ထမ်းများ၏ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲထားရမည်။
- မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် သင်တန်းများ စတင်မိတ်ဆက်ပြုလုပ်ပေးပါ။
- မန်နေဂျာများနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနများကို ကုမ္ပဏီ၏ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့ဆောင်ရွက်ပေးမှုကို နားလည်စေရန် သင်တန်းပေးပြီး ထိရောက်မှု အမြင့်ဆုံးဖြစ်အောင် ဆောင်ရွက်ပါ။

## ကုန်ကျစရိတ် မြင့်မားသော အရင်းအမြစ်များဖြင့် ကြားဝင်ဆောင်ရွက်မှုများ

- အရပ်ဒေသတွင်ရှိသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှုပေးသည့် စင်တာများတွင် သီးသန့်နေရာချန်ထားရန်ဆောင်ရွက်ပေးထားပါ။
- အခြားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- လုပ်ငန်းခွင်တွင် ကလေးသူငယ် ပြုစုစောင့်ရှောက်သည့် ဝန်ဆောင်မှုများ ဖန်တီးတည်ဆောက်ပါ။

အစီရင်ခံစာအပြည့်အစုံကို http://wrld.bg/Bd0U50xlNXM တွင် ဒေါင်းလုတ်လုပ်နိုင်ပါသည်။
သတင်းအချက်အလက်များ ထပ်မံရရှိလိုပါက Ellen Maynes emaynes@ifc.org သို့ ဆက်သွယ်နိုင်ပါသည်။

UMBRELLA FACILITY FOR GENDER EQUALITY
ADMINISTERED BY WORLD BANK GROUP
IFC International Finance Corporation WORLD BANK GROUP
Creating Markets, Creating Opportunities